ကွင်းစလန်းကျန်းမာရေး



# ဆေးရုံတက်ခြင်း

## ဘေးကင်းရေးနှင့် ကူညီပံ့ပိုးရေး လမ်းညွှန်

Queensland Government



# ဆေးရုံတက်ခြင်းသည် စိတ်လှုပ်ရှားနိုင်သည်။

## မေးခွန်းများများ မေးခြင်းသည် ပုံမှန် ဖြစ်ပါသည်။

ဆေးရုံတိုင်းသည် ကွဲပြားခြားနားသော်လည်း ဤလမ်းညွှန်သည် သင့်အား ကွင်းစလန်းကျန်းမာရေးဌာနဆေးရုံများအားလုံးအတွက် တူညီသော အချက်အလက်များကို ပေးပါသည်။ ဤလမ်းညွှန်က ဆေးရုံတွင် ဘေးကင်းပြီး သက်တောင့်သက်သာနေနည်းကို လမ်းညွှန်ပေးပါသည်။ ဤလမ်းညွှန်တွင် အောက်ပါတို့ ပါဝင်ပါသည်-

- သင်၏ ကုသပြုစုမှုတွင် ပါဝင်ဆောင်ရွက်နည်း
- သင်၏ ကုသပြုစုမှုတွင် မိသားစု၊ ပြုစုသူများနှင့် အခြားအရေးပါသူများ ပါဝင်ဆောင်ရွက်နည်း
- မေးခွန်းများ အဆင်ပြေပြေ မေးနည်း
- စိုးရိမ်ပူပန်မှုကို အကြောင်းကြားနည်း။

ဤလမ်းညွှန်ကို အွန်လိုင်းတွင် ရနိုင်ပါသည်။ ကျူအာရ်ကုဒ်ကို ဖုန်းကင်မရာဖြင့်ဖတ်ပါ၊ သို့မဟုတ် အခြားထုတ်ဝေချက်များအတွက် https://www.qld.gov.au/health/services/hospital-care/before-after သို့ သွားပါ။

# အသင့်ပြင်ခြင်း

သင် ဆေးရုံတက်ရမည်ကို သိပါက သင့်ဆရာဝန် သို့မဟုတ် တခြားဆေးရုံဝန်ထမ်းများက သင် ဆေးရုံမလာခင် ဆောင်ရွက်ရန်ရှိမရှိကို သင့်ထံ အကြောင်းကြားပမည်။ ဤတွင် အောက်ပါတို့ ပါဝင်ပါသည်-

- ဆေးရုံမလာမီ သင်အစားအသောက်ပြောင်းလဲရန်
- စစ်ဆေးမှုအချို့ လုပ်ရန်
- မည်သည့်အချိန်၊ မည်သည့်နေရာ လာရောက်ရန်။

ဆေးရုံများသည် ကြီးမားသောကြောင့် သင်သွားရမည့်ဆေးရုံမြေပုံကို ကြည့်ပြီး သင် မည်သို့ သွားရမည်ကို သိအောင်လုပ်ထားပါ။ ကွင်းစလန်းကျန်းမာရေးဌာန ဆေးရုံများနှင့် ကျန်းမာရေးလုပ်ငန်းများအကြောင်းများကို https://www.health.qld.gov.au/services တွင် ရှာဖွေနိုင်ပါသည်။

ဆေးရုံကားရပ်နားရာနေရာနှင့် ဧည့်သည်ချိန်အကြောင်းများကိုလည်း သင် ရှာဖွေနိုင်ပါသည်။ တခါတရံ အထူးအချိန်များတွင် ဧည့်သည်များ လာနိုင်သည်၊ သို့မဟုတ် တစ်ကြိမ်လျှင် ဧည့်သည်အနည်းငယ်သာ လာရောက်နိုင်ပါသည်။ ဤသည်မှာ သင့်နှင့် အခြားလူနာများ၏ ဘေးကင်းရေးအတွက် ဖြစ်ပြီး လုံလောက်စွာ အနားယူနိုင်ရန်လည်း ဖြစ်ပါသည်။

၁။ သင့်ကင်မရာကို ဖွင့်ပါ

၂။ ကျူအာရ်ကုဒ်ကို ဖုန်းကင်မရာဖြင့်ဖတ်ပါ

၃။ ပုံကို နှိပ်ပါ



# ယူဆောင်လာရန်များ

## အိမ်တွင် နေ့စဉ်သုံးပစ္စည်းများကို ထုပ်ပိုးယူလာရန် အရေးကြီးပါသည်။

### မရှိမဖြစ်ပစ္စည်းများ

- **ကိုယ်သုံးပစ္စည်းများ**– မျက်မှန်၊ သွားတုများ၊ နားကြားအကူ၊ တုတ်ကောက် သို့မဟုတ် လမ်းလျှောက်အကူနှင့် စကားပြောအကူ၊ ၎င်းတို့ကို အသုံးပြုပါက။
- **သင့်ဆေးများအားလုံး** – ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် အရေပြားလိမ်းဆေးများ၊ မျက်စဉ်းဆေးများ။ မသေချာပါက ယူလာပါ။ ယူလာသည့် ပစ္စည်းစာရင်းကိုလည်း ယူလာပါ။
- **ယခုဆေးရုံတက်ရန် စာရွက်စာတမ်းများ** – ဆေးမှတ်တမ်းများ၊ စာများ၊ စစ်ဆေးမှုအဖြေများနှင့် သင်၏ လူနာခရီးသွားထောက်ပံ့ကြေးပုံစံ (ရနိုင်ပါက)။
- **သင်၏သက်သေခံ အထောက်အထားများ** – မဲဒီကဲကတ်, ပင်စင်ကတ်, စစ်ပြန်စစ်မှုထမ်း (DVA) ကတ်, ကိုယ်ပိုင်ကျန်းမာရေးအာမခံ အသေးစိတ်။
- **အစီအစဉ်ဆွဲထားသော စာရွက်စာတမ်းမိတ္တူများ**– သင့်၏ ကုသပြုစုရေး ကြိုတင်အစီအစဉ်၊ ကျန်းမာရေးကြိုတင်လမ်းညွှန်ချက်နှင့် ကိုယ်စားလှယ်လွှဲစာ (ရှိပါက)။
- **ဖုန်းနံပါတ်များ** – သင့်ဆွေမျိုးများနှင့် အခြားအရေးကြီးသူများ၏ ဖုန်းနံပါတ်များ။.

## အပိုယူနိုင်သောပစ္စည်းများ

- သက်တောင့်သက်သာရှိသည့် အဝတ်အစားပွပွများ (ညအနည်းငယ်အတွက်)၊ အအေးမိပါကဝတ်ရန် ခေါင်းစွပ်အင်္ကျီ၊ မချော်သောဖိနပ်။
- အသုံးကျမည်ထင်ပါက နားပလပ်များနှင့် မျက်နှာဖုံးများအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများနှင့် အမျိုးသမီးသုံးပစ္စည်းများ။ ဆေးရုံများတွင် အခြေခံပံ့ပိုးမှုရှိသော်လည်း သင့်ကိုယ်ပိုင်ယူဆောင်လာခြင်းသည် စိတ်အေးချမ်းသာဖြစ်စေပါသည်။
- ဖုန်းအားသွင်းကိရိယာ။
- သင် အပန်းဖြေပစ္စည်းများ- စာအုပ်များ၊ မဂ္ဂဇင်းများ၊ အိုင်ပဒ် သို့မဟုတ် ကွန်ပျူတာများ၊ နားတွင်းနားပြင် နားကြပ်များ (သို့မှသာ အနီးရှိသူကို အနှောင့်အယှက် မဖြစ်ပါ)။
- ဆေးရုံတက်မည့်ကလေးများအတွက် သူတို့အကြိုက်ဆုံး ကစားစရာများ၊ သေးခံများ၊ အစားအသောက်များနှင့် သီးသန့်ပစ္စည်းများ ယူဆောင်လာပါ။
- ကော်ဖီဆိုင်နှင့် အရောင်းစက်များအတွက် ငွေသားအနည်းငယ် သို့မဟုတ် ဘဏ်ကတ်များ။

ဆေးရုံတွင် နေရာအပို မများသောကြောင့် အမှန်တကယ်လိုအပ်သည်ကိုသာ ယူဆောင်လာပါ။ သင်သည် ဆေးရုံတွင် ညအနည်းငယ်ထက် ပိုနေရပါက သင့်အဝတ်များလျှော်ဖွတ်နိုင်ရန် ကူညီမည့် သူငယ်ချင်း၊မိသားစုဝင်တစ်ဦးကို စီစဉ်ပါ။

**ကွင်းစလန်းကျန်းမာရေးဌာနဆေးရုံများတွင် သို့မဟုတ် ဆေးရုံနယ်နိမိတ်၏ ၅မီတာအတွင်းတွင် ဆေးလိပ်မသောက်ရပါ။ နီကိုတင်းအစားထိုးခြင်းကဲ့သို့ ဆေးလိပ်သောက်လိုစိတ်အတွက် သင်မည်သို့လုပ်ရမည်ကို သင့်ဆရာဝန်၊ ဆေးရုံဝန်ထမ်းများနှင့် ဆွေးနွေးပါ။ ဆေးလိပ်ဖြတ်နည်းများအတွက် Quitline ၁၃ ၇၈ ၄၈သို့ ဖုန်းခေါ်ပါ၊ https://www.quit.org.au သို့ဝင်ရောက်ဖတ်ရှုပါ။**

လက်ဝတ်ရတနာများ၊ တခြားအဖိုးတန်ပစ္စည်းများနှင့် ငွေကြေးအမြောက်အမြားကို အိမ်မှာထားခဲ့ပါ။ ကိုယ်ပိုင်သုံးပစ္စည်းများ၏ လုံခြုံမှုကို အာမခံမပေးပါ သို့မဟုတ် ပျောက်ဆုံးသွားပါက အစားထိုး မပေးပါ။



# သင့်အကြောင်း အကြောင်းကြားရန်

သင် ရောက်သောအခါ၊ အကြောင်းကြားရန် အရေးကြီးပါသည်-

- သင့်ဓာတ်မတည့်မှု သို့မဟုတ် တုံ့ပြန်မှုများ – ဆေးဝါး၊ ပလတ်စတာများ၊ အနာကပ်များနှင့် အစားအစာများ
- သင် ထိတွေ့ဖူးသော ကူးစက်တတ်သည့်၊ ကူးစက်လွယ်သောရောဂါများ
- သင်သည် ကုသမှုတစ်ခုခုရယူနေပါက အကကြောင်းကြားပါ (ဆေးသွင်းနေခြင်း)
- မကြာသေးမီက နိုင်ငံခြားခရီးစဉ်များအကြောင်း
- သင်သည် အိမ်တွင်းအကြမ်းဖက်မှု ခံရသူ-ကြုံဖူးသူ ဖြစ်ပါက
- ဘာသာရေး သို့မဟုတ် ကိုးကွယ်ရာလိုအပ်ချက်များ
- အင်္ဂလိပ်ဘာသာ သို့မဟုတ် ပြောဆိုဆက်သွယ်ရေးအတွက် အကူအညီ လိုအပ်ပါက (စကားပြန်လိုအပ်ခြင်း အပါအဝင်- စကားပြန်သည် အခမဲ့ ဖြစ်သည်)
- သင်သည် ဌာနေကျွန်းသား၊ တော်ရီရေလက်ကြားကျွန်းသား ဖြစ်ပြီး ညှိနှိုင်းဆက်ဆံရေးအရာရှိနှင့် ဆွေးနွေးလိုပါက၊
- သင့်တွင် မသန်မစွမ်းမှု (အကြောင်းကြားလိုသော Julian's Key Health Passport) ရှိပါက လိုအပ်သော အကူအညီသို့မဟုတ် သင့်ကျန်းမာရေး အတွက် အထူးလိုအပ်ချက်
- သင့်တွင်ကြိုတင်ကျန်းမာရေးလမ်းညွှန်ချက်၊ ကြိုတင်စောင့်ရှောက်မှု အစီအစဉ် သို့မဟုတ် ကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်ပြီး ၎င်းတို့ကို သင့်တွင်ရှိလျှင်
- သင့်တွင် ပြုစုမည့်သူ သို့မဟုတ် ပံ့ပိုးကူညီဝန်ထမ်း ရှိလျှင်
- သင့်ဖုန်းနံပါတ် သို့မဟုတ် လိပ်စာပြောင်းသွားပြီဟု ထင်ပါက၊

သင်သည် မိသားစုဝင် သို့မဟုတ် ပြုစုမည့်သူဖြစ်ပါက၊ သင့်လူနာကိုယ်စား ထိုမေးခွန်းအချို့ကို ဖြေဆိုပေးရန် ပြောကြားနိုင်ပါသည်။

အရေးပေါ်အခြေအနေအပါအဝင် သင့်ကုသပြုစုမှုနှင့်ပတ်သက်၍ သင် ဆက်သွယ်စေလိုသည့်သူကို ဆေးရုံဝန်ထမ်းများအား အသိပေးပါ။ ဤသည်မှာ လူတစ်ဦးထက် ပိုနိုင်ပါသည်။

သင့်ကျန်းမာရေးအကြောင်း သင် ပြောစေလိုသောသူ သို့မဟုတ် မပြောဆိုစေလိုသောသူ ရှိပါက သင်၏ ကိုယ်ရေးကိုယ်တာနှင့် မပေါက်ကြားရေးကို အလေးအနက်ထားပြီး ဩစတြေးလျဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပါမည်။







# သင် ဆေးရုံတွင် ရှိနေစဉ်အတွင်း

ဆေးရုံအဆောင်သည် သင်နေထိုင်သည့်နေရာနှင့် မတူပါ။ ဆေးရုံဝန်ထမ်းများသည် အဆောင်အကြောင်းနှင့် မျှော်လင့်နိုင်သည်များကို သင့်အား ပြောပြလိမ့်မည်။ တစ်ခုခုအကြောင်း မသိပါက မေးပါ။

## ဘေးကင်းစေရေး

ဆေးရုံတက်နေချိန်မှာ လုပ်နေကျမဟုတ်သောအလုပ်များကို လုပ်ရနိုင်ပါသည်။

သင်ရောက်ရှိသောအခါ၊ သင့်အား မည်သူမည်ဝါဖြစ်ကြောင်းပြ လက်ကောက်တစ်ခု ပေးပါမည်။ ဆေးရုံဝန်ထမ်းများသည် သင် မည်သူ ဖြစ်သည် (သင်၏အထောက်အထား) ကို ပြောပြရန် ကြိမ်ဖန်များစွာ ပြော နိုင်ပါသည်။ ဤသည်မှာ မှန်ကန်သောကုသမှု ခံယူနေသည့်သူ ဖြစ်ကြောင်း သေချာစေရန် ဖြစ်ပါသည်။

ခွဲစိတ်ပြီးပါက၊ နေမကောင်းပါက၊ ဆေးပြောင်းထားပါက လဲကျနိုင်ခြေ ပို များနိုင်သည်။ လဲကျခြင်းသည် ဆေးရုံရှိ မည်သူမဆို ဖြစ်ပွားနိုင်သော်လည်း အောက်ပါအချက်အလက်များသည် အန္တရာယ်ကို လျှော့ချရန် ကူညီပေးနိုင်ပါသည်။

ဘေးကင်းစေရေးအကြောင်း အသေးစိတ်ကို ဤနေရာတွင် ဖတ်နိုင်ပါသည်။

### ဘေးကင်းပါစေ။

| | |
|---|---|
| **လူခေါ်ခလုပ်** | လူခေါ်ခလုပ်သုံး၍ ဆေးရုံဝန်ထမ်းများ ဆက်သွယ်နည်းကို သိထားပါ။ အကူအညီတောင်းပြီး အကူအညီရရန် စောင့်ပါ။ |
| **အနီးပတ်ဝန်းကျင်** | ရေချိုးခန်း၊ မီးနှင့် ပရိဘောဂများအပါအဝင် အခန်းကို လေ့လာထားပါ။ |
| **ဖိနပ်များ** | ဒေါက်နိမ့်၊ မချောနိုင်သောဖိနပ်များ ယူဆောင်လာပြီး စီးပါ။ |
| **အကူအညီတောင်းပါ** | အကူအညီရရန် အထူးသဖြင့် ခုတင်မှ အထ အထိုင်လုပ်ချိန်၊ ဖိနပ်စီးချိန်၊ ရွေ့လျားထောက်ကူပြုပစ္စည်းသုံး၍လမ်းလျှောက်ချိန်နှင့် ရေချိုးခန်းသုံးချိန်။ |
| **အရည်များ** | သင့်အရည်ကို ကန့်သတ်မှု မရှိပါက ရေများများ သောက်ပါ (ဝန်ထမ်းက ပြောပြပါမည်)။ |
| **ပညာပေး** | ဟန်ချက်ညီမှု၊ ခွန်အားနှင့် လေ့ကျင့်ခန်းများ အကြောင်းနှင့် အကူအညီချိန်များအကြောင်း လေ့လာပါ။ သင့်အမြင်အာရုံ သို့မဟုတ် လမ်းလျှောက်ခြင်းတွင် ပြဿနာရှိပါက ဆေးရုံဝန်ထမ်းများအား ပြောပြပါ။ |

## သွေးခဲခြင်းနှင့် ဖိအားဒဏ်မှ ကင်းဝေးပါစေ။

- သွေးခဲသည် ဂျယ်လီနှင့်တူသော သွေးအတုံး ဖြစ်ပါသည်။ သွေးကြော အတွင်း သွေးခဲပါက အန္တရာယ်ရှိနိုင်ပါသည်။ သင်မလှုပ်ရှားနိုင်ဘဲ နေရာ မှန်မှန်မပြောင်းလဲသောအခါတွင် သွေးခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ **သွေးခဲခြင်းကို ကာကွယ်ရန် မှန်မှန် ဆေးထိုးရန် လိုအပ်နိုင်ပါသည်။**
- လမ်းလျှောက်ခြင်း သို့မဟုတ် အသက်ရှူခြင်းအထောက်အကူအဖြစ် ကာယကုထုံးပညာရှင်က လေ့ကျင့်ခန်းများ ပြုလုပ်ခိုင်းနိုင်သည်။

ဖိအားဒဏ်ရာများသည် အရေပြားနာ သို့မဟုတ် အိပ်ရာပူနာများကဲ့သို့ အရေပြားဒဏ်ရာ အမျိုးအစားဖြစ်သည်။ သင်မလှုပ်ရှားနိုင်ဘဲ နေရာမှန်မှန် မပြောင်းလဲသောအခါတွင် ၎င်းဖိအားဒဏ်ရာများ ဖြစ်ပေါ် နိုင်ပါသည်။

- ယခင်က ဖိအားဒဏ်ရာ ရဖူးပါက အကြောင်းကြားပါ။
- သင့်အရေပြားတွင် အပူ၊ နာကျင်ခြင်း သို့မဟုတ် မသက်မသာခံစားရပါက သူနာပြုအား ချက်ချင်းပြောပြပါ။
- သင့်နေရာကို မကြာခဏပြောင်းပါ။
- အိပ်ရာပေါ်တွင် ထထိုင်ပြီး၊ တတ်နိုင်သမျှ မကြာခဏ ဘေးကင်းစွာ လမ်းလျှောက်ပါ (မလုပ်ရဟု မပြောထားပါက)။
- ရေများများသောက်ပါ (မသောက်ရဟု မပြောထားပါက)။
- အသားကပ်ခြေအိတ်များနှင့်/သို့မဟုတ် အစားထိုးစက်ကိရိယာများကို ပေးထားပါက အသုံးပြုပါ။

ပိုးမွှားရောဂါများရှောင်ရှားရန် မကြာခဏ လက်ဆေးပါ။ ဤသည် ရောဂါ ပြန့်ပွားမှုတားဆီးရန် အထောက်အကူ ဖြစ်ပါသည်။









# သင့်အခွင့်အရေးများ

ကျန်းမာရေးကုသမှုဆိုင်ရာအခွင့်အရေးများ သြစတြေးလျဉပဒေ (Australian Charter of Healthcare Rights) သည် လူတိုင်းအတွက်ဖြစ်သည်။ သြစတြေးလျမှာ ကျန်းမာရေးကုသပြုစုမှု ရယူသောအခါ သင်နှင့် သင်ဂရုစိုက်ရသူ မျှော်လင့်နိုင်သည်များကို ဖော်ပြထားပါသည်။ ဤတွင် ကွင်းစလန်းကျန်းမာရေးဌာနဆေးရုံများလည်း ပါဝင်ပါသည်။

## ရယူခွင့်

- သင့်လိုအပ်ချက်များနှင့်ကိုက်ညီသော ကျန်းမာရေးလုပ်ငန်းများနှင့် ကုသမှုများ။

## ဘေးကင်းရေး

- နိုင်ငံလုံးဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီသော ဘေးကင်းပြီး အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှု။
- ဘေးကင်းသောနေရာတွင် ကုသပြုစုမှု ရရှိပြီး ဘေးကင်းသည်ဟု ခံစားရစေခြင်း။

## လေးစားမှု

- လူတစ်ဦးအနေဖြင့် ဂုဏ်သိက္ခာရှိရှိ လေးစားစွာဆက်ဆံခြင်း။
- သင်၏ ထုံးတမ်းစဉ်လာ၊ လက္ခဏာ၊ ယုံကြည်ချက်များနှင့် ရွေးချယ်မှုများကို အသိအမှတ်ပြု လေးစားမှုခြင်း။

## ပူးတွဲလုပ်ဆောင်ခြင်း

- မေးခွန်းများ မေးနိုင်ပြီး ပွင့်လင်းရိုးသားစွာ ပြောဆိုဆက်ဆံမှုတွင် ပါဝင်ဆောင်ရွက်ခွင့်ရခြင်း။
- ရွေးချယ်နိုင်ပြီး တတ်နိုင်သည့်အတိုင်းအတာအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ဆုံးဖြတ်ချက်များ ချနိုင်ခြင်း။
- အစီအစဉ်ဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတွင် သင်အလိုရသူများကို ထည့်သွင်းနိုင်ခြင်း။

## သတင်း

- သင့်အခြေအနေအကြောင်း ရှင်းလင်းသောအချက်အလက်များ၊ ဖြစ်နိုင်ခြေရှိသော အကျိုးကျေးဇူးများနှင့် မတူညီသောစမ်းသပ်မှုများ၊ ကုသမှုများ၏ အန္တရာယ်များကို သိရှိနိုင်စေရန်အတွက် အသိပေးအကြောင်းကြားခြင်း။
- လုပ်ငန်းူများ၊ စောင့်ဆိုင်းချိန်နှင့် ကုန်ကျစရိတ်များအကြောင်းအချက်များကို ရယူခြင်း။
- သင့်အား လိုအပ်သည့်အခါတွင် ကျန်းမာရေးဆိုင်ရာအကြောင်းအချက်ကို သိရှိနားလည်အသုံးပြုနိုင်စေရန် အကူအညီ ပေးအပ်ခြင်း။
- သင့်ကျန်းမာရေး အကြောင်းအချက်များ ရယူခြင်း။
- သင့်ကျန်းမာရေး ကုသပြုစုမှုကာလအတွင်း တစ်စုံတစ်ခု မှားယွင်းသွားပါက၊ မည်သို့ဖြစ်ပျက်ခဲ့သည်၊ သင့်အပေါ် မည်ကဲ့သို့ ထိခိုက်နိုင်သည်နှင့် သင့်စောင့်ရှောက်မှုကို ဘေးကင်းစေရန် လုပ်ဆောင်နေမှုများကို ပြောပြခြင်း။

## ကိုယ်ရေးအကြောင်း

- သင်၏ကိုယ်ရေးအကြောင်းကို လေးစားခြင်း။
- သင်နှင့် သင့်ကျန်းမာရေးဆိုင်ရာ အကြောင်းအချက်များကို လုံခြုံစွာ ပေါက်ကြားမှု မရှိစေခြင်း။

## တစ်ခုခု အဆင်မပြေပါက လုပ်ဆောင်ရန်များ

သင် (သို့မဟုတ် သင့်ဂရုစိုက်ရသူ) အောက်ပါတို့ ဖြစ်ပါက ဝန်ထမ်းများကို ချက်ချင်းပြောပါ။

- နာကျင်လာပါက သို့မဟုတ် မသက်မသာ ဖြစ်လာပါက
- အခြေအနေ ပိုဆိုးလာသည် သို့မဟုတ် တစ်ခုခု 'မှားယွင်းနေသည်'ဟု ခံစားရပါက
- ကုသပြုစုမှုအရည်အသွေးအတွက် စိုးရိမ်ပူပန်မှုများ ရှိပါက။



**မစောင့်ပါနှင့်** - စောစောစီးစီး ဆောင်ရွက်ခြင်းသည် အားလုံးကို ခြားနားစေနိုင်သည်။



## ရိုင်ယန်စည်းမျဉ်း

သင်နှင့် သင့်အားပြုစုမည့်သူများသည် သင့်အပေါ် အခြားသူများထက် ပိုသိကြောင်း နားလည်ပါသည်။

သင့်ကျန်းမာရေးအခြေအနေ ပိုဆိုးလာမည်ကို စိုးရိမ်နေပါက၊ စိတ်ပူနေပါက အကူအညီတောင်းပါ။ ရိုင်ယန်စည်းမျဉ်းသည် အကူအညီဆောင်းရန် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

### ရိုင်ယန်စည်းမျဉ်းသုံး၍ အကူအညီ ရယူနည်း

| | |
|---|---|
| **အဆင့်၁** | သင့်ကျန်းမာရေးအခြေအနေ ပိုဆိုးလာမည်ကို စိုးရိမ်နေပါက၊ စိတ်ပူနေပါက သူနာပြု၊ ဆရာဝန်နှင့် ဆွေးနွေးပါ။ |
| **အဆင့်၂** | အဆင့် ၁ ပြီးချိန် သင်စိုးရိမ်နေသေးပါက တာဝန်ခံ သူနာပြုကို ဆွေးနွေးပါ။ |
| **အဆင့်၃** | အဆင့် ၁ နှင့် အဆင့်၂ကို လုပ်ဆောင်ပြီးနောက် သင်သည် စိတ်ကျေနပ်မှုမရှိဘဲ ပိုမိုကောင်းမလာသေးပါက၊ 13HEALTH အား ၁၃ ၄၃ ၂၅ ၈၄မှတဆင့် ဖုန်းခေါ်၍ ရိုင်ယန်စည်းမျဉ်းသုံးသပ်ခြင်းကို တောင်းဆိုပါ။ |

သင်သည် မိသားစုဝင်၊ အခြားအရေးပါသူ သို့မဟုတ် ပြုစုမည့်သူဖြစ်ပါက၊ သင်ဂရုစိုက်ရမည့်သူ၏ကိုယ်စား ရိုင်ယန်စည်းမျဉ်းကို မေးမြန်းနိုင်ပါသည်။

ရိုင်ယန်စည်းမျဉ်းကို မေးမြန်းသည်နှင့်၊ သူနာပြု သို့မဟုတ် ဆရာဝန်သည် လူနာနှင့် ကုသမှုအပေါ် ဆေးဘက်ဆိုင်ရာသုံးသပ်မှုကို ပြုလုပ်ပါမည်။

ဘာသာပြန်ရင်းမြစ်များအပါအဝင် ရိုင်ယန်စည်းမျဉ်းဆိုင်ရာ ထုတ်ပြန်ချက်များအတွက် https://www.qld.gov.au/health/support/shared-decision-making/ryans-rule သို့ ဝင်ရောက်ကြည့်ရှုပါ။

## အကြံပေးခြင်း

သင်သည် အကြံပေးခြင်း သို့မဟုတ် တိုင်ကြားခြင်း ပြုလုပ်နိုင်ပြီး၊ ၎င်းသည် သင်အားကုသမှုအပေါ် သက်ရောက်မှု မရှိပါ။ ကုသပြုစုမှုနှင့် ကျန်းမာရေး လုပငန်းများ၏ အရည်အသွေးကို မြှင့်တင်ရန် သင့်အတွေ့အကြုံများကို မျှဝေရန် တိုက်တွန်းပါသည်။

အကြံပေးခြင်းသည် ကုသပြုစုမှုခံယူသူအတွက်သာ မဟုတ်ပါ။ လူနာအားပြုစုမည့်သူ၊ အခြားအရေးပါသူ သို့မဟုတ် မိသားစုဝင်တစ်ဦးအနေဖြင့် သင်၏စိုးရိမ်ပူပန်မှုများသည် အရေးကြီးပါသည်။

သင်ဆေးရုံမှ ပြန်သောအခါ 'လူနာအစီရင်ခံသည့်အတွေ့အကြုံတိုင်းတာမှု စစ်တမ်း' သို့မဟုတ် PREMs ဟုခေါ်သော စစ်တမ်းကို ပြုလုပ်ရန် မေတ္တာရပ်ခံနိုင်ပါသည်။ ဤစစ်တမ်းသည် သင်ရရှိထားသောကုသပြုစုမှုအကြောင်း သင့်အားမေးမြန်းမည်ဖြစ်ပြီး ကောင်းမွန်စွာလုပ်ဆောင်နေသည်များနှင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရမည်များကို သိရှိနိုင်ရန် ကူညီပေးပါမည်။

ချီးမွမ်းရန် သို့မဟုတ် တိုင်ကြားရန် ပြုလုပ်လိုပါက သူနာပြု၊ ဆရာဝန် သို့မဟုတ် အခြားဝန်ထမ်းတစ်ဦးနှင့် ဆွေးနွေးပါ သို့မဟုတ် https://www.qld.gov.au/health/contacts/complaints သို့ ဝင်ရောက်ကြည့်ရှုပါ။

https://www.safetyandquality.gov.au/publications-and-resources/resource-library/understanding-my-healthcare-rights-guide-consumers သို့ ဝင်ရောက်ကြည့်ရှုခြင်းဖြင့် လူနာအခွင့်အရေးများအကြောင်း ပိုမိုရှာဖွေနိုင်ပါသည်။



## ပါဝင်ပါ —မေးခွန်းများမေးပါ။

ဝန်ထမ်းများသည် လူနာတစ်ဦး၏ အရေးကြီးသော ကုသပြုစုမှုဆိုင်ရာအချက်အလက်များကို ဆွေးနွေးသည့်အခါ၊ ၎င်းကို ကုသရေးလွှဲပြောင်းခြင်း သို့မဟုတ် လူနာလွှဲပြောင်းပေးခြင်းဟု ခေါ်သည်။ ဤသည် ဝန်ထမ်းတစ်ဦး၏ တာဝန်ချိန်အစ သို့မဟုတ် အဆုံးတွင် ဖြစ်နိုင်ပါသည်။ သင့် ကုသပြုစုမှုဆိုင်ရာ အထွေထွေအချက်အလက်များကို ခုတင်ဘေးတွင် ဆွေးနွေးနိုင်ပါသည်။



- သင် ရယူနေသော ကုသပြုစုမှုနှင့် ပတ်သက်၍ မေးခွန်းမေးရန် မကြောက်ပါနှင့်။
- သင့်မိသားစု၊ ပြုစုမည့်သူ သို့မဟုတ် အရေးပါသူများကလည်း မေးခွန်းများ မေးနိုင်သည်။ အောက်ပါတို့ကို မေးမြန်းနိုင်ပါသည်-
  - နလန်ထခြင်းသည် မည်သည်နှင့် တူပါသလဲ။
  - အိမ်ပြန်ရန် မည်မျှ ကြာနိုင်ပါသလဲ။
- ကုသမှုတစ်ခု အကြံပြုပါက၊ သင် အောက်ပါတို့ကို မေးနိုင်ပါသည်-
  - မမိ၏ ကုသမှုရွေးချယ်စရာများသည် အဘယ်နည်း။
  - မိမိသိသင့်သော အန္တရာယ်များ ရှိပါသလား။
- ဤစစ်ဆေးမှု၊ ကုသမှု သို့မဟုတ် လုပ်ထုံးလုပ်နည်းကို မိမိ အမှန်တကယ် လိုအပ်ပါသလား။
- မိမိ ဘာမှမလုပ်ပါက ဘာဖြစ်မည်နည်း။
  - နောက်ထပ်အကြောင်းအချက် သို့မဟုတ် အထောက်အပံ့ကို မည်သည့်နေရာတွင် ရနိုင်ပါသလဲ။

သင်မသေချာသည်နှင့်ပတ်သက်၍ မေးခွန်းများမေးနိုင်သည်။

သင်ဆန္ဒရှိလျှင် သင်သည် သင့်အတွက် မေးခွန်းများမေးရန် သို့မဟုတ် ပံ့ပိုးရန် အခြားသူတစ်ဦးကို ခေါ် နိုင်သည်။

# ဆေးရုံဆင်းခြင်း

သင်ဆေးရုံတက်နေစဉ်၊ ဝန်ထမ်းများသည် ဆေးရုံဆင်းမည့်အစီအစဉ်များကို သင်နှင့် ဆွေးနွေးပါမည်။

**ဤဆွေးနွေးခြင်းတွင် အောက်ပါအကြောင်းများ ပါဝင်ပါမည်-**

- အိမ်ပြန်ရန် နီးလာသောအခါ
- အိမ်မပြန်ခင် လုပ်ရမည်များ
- အိမ်တွင် သင်လိုအပ်နိုင်သည့် ပံ့ပိုးကူညီမှုများ (ဘီးတပ်ကုလားထိုင်များနှင့် အခြားရွေ့လျားမှုကူကိရိယာများ)
- သင့်တွင် ရှိနိုင်သည့် သင့်စိုးရိမ်မှုများ
- သယ်ယူပို့ဆောင်ရေးအစီအစဉ်များ။

**ဆေးရုံမဆင်းမီ ဝန်ထမ်းများက သင့်အား အောက်ပါတို့ကို ပံ့ပိုးပေးနိုင်ပါသည်။**

- ဆေးရုံရက်ချိန်းများအတွက် အသေးစိတ်အချက်အလက်များ
- ဆေးလက်မှတ်
- သင့်လက်ရှိဆေးရုံတွင် နေရသည့် အချက်အလက်နှင့်အတူ ဆေးရုံဆင်းမှုအကျဉ်းချုပ်
- ဆေးရုံဆင်းဆေးဝါးများ သို့မဟုတ် အသစ်၊ ပြောင်းလဲထားသော ဆေးဝါးများအတွက် ဆေးစာများ
- ဆက်လက် ကုသပြုစုရန်နှင့် သင်လိုအပ်နိုင်သည့် လူမှုအသိုင်းအဝိုင်းမှ ပံ့ပိုးမှုများကူညီရန် ရေးသားထားသော အကြောင်းအချက်များ။

ဤဆွေးနွေးမှုများတွင် မိသားစုဝင်များနှင့် ပြုစုမည့်သူများ သင်နှင့်အတူရှိရန် ကူညီပေးနိုင်သောကြောင့် လူတိုင်းသည် နောက်အဆင့်များကို သိနိုင်ပါသည်။

ဆေးရုံမှဆင်းပြီးနောက် သင့်တွင် ကျန်းမာရေးဆိုင်ရာစိုးရိမ်မှုများရှိနေပါက သို့မဟုတ် သင်မျှော်လင့်ထားသည့်အတိုင်း ပြန်လည်ကောင်းမွန်လာခြင်းမရှိပါက ဆေးရုံဝန်ထမ်းများအား မေးမြန်းပါ။

> တစ်ခုခုမှားနေသည် သို့မဟုတ် ပိုဆိုးလာသည်ဟု ခံစားရပါက အရေးပေါ်ဌာနကို ပြန်သွားပါ သို့မဟုတ် ပြနေကျ ဆရာဝန်နှင့် ချက်ချင်းပြသပါ။









# ဆုံးဖြတ်ချက်များချခြင်းအတွက် အကူအညီများ

လူနာသည် ၁၈နှစ်နှင့်အထက်ဖြစ်ပါက ၎င်းတို့သည် မည်သည့်ဆေးဝါးကုသမှုကိုမဆို လက်ခံနိုင်၊ ငြင်းဆို သို့မဟုတ် ပြောင်းလဲနိုင်ပါသည်။ ဤသည်မှာ သူတို့သည် ဆရာဝန်ပြောသည်ကို နားလည်ပြီး၊ ထိုအကြောင်းအချက်ပေါ် အခြေခံ၍ ကျိုးကြောင်းဆီလျော်စွာ ရွေးချယ်နိုင်မှသာ ပြုလုပ်နိုင်ပါမည်။

ချက်ခြင်းအသက်အန္တရာယ်ရှိသော အရေးပေါ်အခြေအနေများမှလွဲ၍ ကျန်းမာရေးဝန်ထမ်းတစ်ဦးသည် ဆေးရုံတွင်ရရှိသည့် မည်သည့်ဆေးကုသမှုအတွက်မဆို လူနာ၏ အသိပေးသဘောတူညီချက်ကို ရယူရပါမည်။ တခါတရံ သဘောတူချက်သည် နှုတ်ဖြင့်ပြောဆို သို့မဟုတ် ပြသနိုင်ပြီး တစ်ခါတစ်ရံတွင် ပုံစံတစ်ခုလက်မှတ်ထိုးရန် ပေးနိုင်ပါသည်။

အရွယ်ရောက်ပြီးသူတိုင်းသည် အခြားနည်းဖြင့် သက်သေမပြမချင်း ဆုံးဖြတ်ချက်များအားလုံးကို ချမှတ်နိုင်သည့် စွမ်းရည်ရှိသည်ဟု ယူဆပါသည်။ ၎င်းတို့တွင် စွမ်းရည်ချို့ယွင်းနေကြောင်း သက်သေပြရန်သည် ထို ဆုံးဖြတ်ချက်ချနိုင်စွမ်းကို မရှိပါဟု ပြောဆိုသည့်သူတွင် တာဝန်ရှိပါသည်။

ကွင်းစလန်းအရပ်ဘက်နှင့် အုပ်ချုပ်ရေးဆိုင်ရာခုံရုံး သို့မဟုတ် တရားရုံးချုပ်သည် အရွယ်ရောက်ပြီးသူ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ တရားဝင် ကြေငြာချက် သို့မဟုတ် ရှာဖွေတွေ့ရှိချက် ထုတ်ပြန်နိုင်သည်။ အရွယ်ရောက်ပြီးသူ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ မသေချာပါက ဥပဒေအကြံဉာဏ်ကို ရယူနိုင်ပါသည်။

## စွမ်းရည်ချို့ယွင်းခြင်း

လူနာတစ်ဦးတွင် အမြဲတမ်း သို့မဟုတ် ယာယီစွမ်းရည်ချို့ယွင်းနေပါက၊ အခြားသူတစ်ဦးဦးသည် ၎င်းတို့၏ကိုယ်စား အချို့ဆုံးဖြတ်ချက်များချရန် လိုအပ်ပေမည်။

အရွယ်ရောက်ပြီးသူ၏ ဆုံးဖြတ်ချက်ချနိုင်မှုစွမ်းရည် ကွဲပြားနိုင်သည်။ ထို စွမ်းရည်သည် ၎င်းတို့၏ ချို့ယွင်းချက်သဘောသဘာဝ၊ ဆုံးဖြတ်ချက်အမျိုးအစားနှင့် ၎င်းတို့ကို ပံ့ပိုးပေးနိုင်သည့် အခြားသူများ ရှိမရှိပေါ်တွင် မူတည်နိုင်သည်။

လူတစ်ဦးသည် အနာဆေးခြင်းနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ကဲ့သို့ ကျန်းမာရေးကုသပြုစုမှုဆိုင်ရာ ဆုံးဖြတ်ချက်အချို့ကို ပြုလုပ်နိုင်ပေမည်။ ထိုသူများသည် ပိုရှုပ်ထွေး၍ အန္တရာယ်များသော ဆုံးဖြတ်ချက်များ မချနိုင်ကြပါ။

ဆေးရုံအများစုတွင် ဆုံးဖြတ်ချက်ချရာတွင် အကူအညီလိုအပ်ပါက လူနာ၊ ၎င်းတို့၏ အခြားအရေးပါသူများ၊ မိသားစုနှင့် ပြုစုမည့်သူများနှင့် စကားပြောဆိုနိုင်သည့် လူမှုဝန်ထမ်း သို့မဟုတ် ကြိုတင်ပြုစုစောင့်ရှောက်မှု စီမံဆောင်ရွက်ပေးသူ ရှိသည်။ ထိုသူတို့ကို အချိန်မရွေး မေးမြန်းပါ။






## အစားထိုး ဆုံးဖြတ်ချက်ချသူများ

ထိုဆုံးဖြတ်ချက်များကို ၎င်းတို့ကိုယ်တိုင်မပြုလုပ်နိုင်သောအခါတွင် အစားထိုးဆုံးဖြတ်ချက်ချသူတစ်ဦးသည် လူတစ်ဦးအတွက် ဆုံးဖြတ်ချက်များချနိုင်သည်။ ဥပမာ၊ ကိုယ်စားလှယ်လွှဲစာ သို့မဟုတ် ကျန်းမာရေးရှေ့နေ။ အကယ်၍ လူတစ်ဦးတွင် ကျန်းမာရေးကြိုတင်ညွှန်ကြားချက်တစ်ခုရှိပါက၊ အစားထိုး ဆုံးဖြတ်ချက်ချသူ၏အမည်ကို စာရွက်စာတမ်းတွင် ဖော်ပြမည်ဖြစ်ပါသည်။ ကျန်းမာရေးကြိုတင် ညွှန်ကြားချက်တစ်ခုရှိခြင်းသည် ဆန္ဒအလျောက်ဖြစ်သည်။ ပိုမိုလေ့လာရန်၊ qld.gov.au သို့ဝင်ရောက်ပြီး 'Making decisions for others' ကိုရှာဖွေပါ။

ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန် တရားဝင် ခန့်အပ်ခံရသူတစ်ဦးဦး မရှိပါက ၎င်းတို့အား ဥပဒေအရ ကျန်းမာရေး ရှေ့နေထံ ပေးအပ်နိုင်သည်။ ဥပဒေအရ၊ ၎င်းသည် အောက်ပါတို့မှ ပထမဆုံးရရှိနိုင်ပြီး ထုံးတမ်းစဉ်လာအရ သင့်လျော်သော အရွယ်ရောက်ပြီးသူဖြစ်သည်-

၁။ အိမ်ထောင်ဖက် (သို့) တရားဝင် လက်တွဲဖော် (ပေါင်းသင်းဆက်ဆံရေးသည် အတူရှိနေပြီး ဆက်လက်ရှိနေပါက)။

၂။ အသက် ၁၈နှစ်အထက် သင်၏ အဓိက ပြုစုမည့်သူ (သို့သော်လည်း အခကြေးငွေဖြင့် လုပ်ဆောင်သူမဟုတ်ရ)။

၃။ ရင်းနှီးသောမိတ်ဆွေ သို့မဟုတ် ဆွေမျိုးတစ်ဦး (သို့သော် အခကြေးငွေဖြင့် မဟုတ်ရ) အသက် ၁၈နှစ်အထက်ရှိသူ။

၄။ မည်သူ့မျှ မသင့်လျော် သို့မဟုတ် ရရှိနိုင်သောအခါ, အများပြည်သူစောင့်ရှောက်သူ (Public Guardian) ။

## အသက် ၁၈နှစ်အောက် လူနာများ

အများအားဖြင့်၊ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ကလေး သို့မဟုတ် အသက်၁၈နှစ်အောက်လူငယ်များကိုယ်စား ကုသမှုများကို သဘောတူလက်ခံနိုင်ပါသည်။ သို့သော်၊ ၁၆နှစ်နှင့်အထက်လူငယ်များသည် ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်အချို့အတွက် သဘောတူနိုင်သည် (ထို့အပြင် အသက်ငယ်စေကာမူ ၎င်းတို့၌ ကုသမှုကို သဘောတူခွင့်ပြုနိုင်သည့် စွမ်းရည်ရှိကြောင်း ပြသနိုင်ပါက)။ အထူးဆေးဘက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ဆုံးဖြတ်ချက်အချို့ကို မိဘ သို့မဟုတ် အုပ်ထိန်းသူမှ ဆုံးဖြတ်၍ မရပါ။ ထိုဆုံးဖြတ်ချက်များကို တရားရုံးက ဆုံးဖြတ်ရပါမည်။

စွမ်းရည်၊ ခွင့်ပြုချက်၊ အစားထိုး ဆုံးဖြတ်ချက်ချခြင်းနှင့် အဆင့်မြင့် ကုသပြုစုမှုအစီအစဉ်များအတွက် နောက်ထပထုတ်ပြန်ချကများကို [https://www.qld.gov.au/health/services/hospital-care/before-after](https://www.qld.gov.au/health/services/hospital-care/before-after) တွင် ရှာတွေ့နိုင်ပါသည်။

Queensland Government